# လူ့အခွင့်အရေးနေ့ ဥရောပသမဂ္ဂကိုယ်စားလှယ် ဖယ်ဒယ်ရီကာ မိုဂါရီနီ၏ ကြေညာချက်- ဒီဇင်ဘာ ၁၀၊ ၂၀၁၆

ဒီဇင်ဘာ ၁၀ရက်နေ့မှာ ဥရောပသမဂ္ဂနှင့်၎င်း၏ အဖွဲ့ဝင်နိုင်ငံများဟာလူ့အခွင့်အရေးနေ့ကို ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ ကမ္ဘာတစ်ဝှမ်းသာတူညီမျှမရှိမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများဟာ စိန်ခေါ်မှုများကိုပိုမိုတိုးပွားလာစေပြီး ဆီးရီးယားကဲ့သို့ နိုင်ငံများတွင်ပဋိပက္ခများဆက်လက်ဖြစ်ပွားနေမှုကြောင့် ကျွန်ုပ်တို့ဟာလူသားအားလုံးရဲ့ အခွင့်အရေးများကိုကာကွယ်ဖို့ဒီထက်ပို၍ကြိုးပမ်းအားထုတ်ဖို့ လွန်စွာအရေးကြီးလာပြီဖြစ်ပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့အနေနဲ့ ဒီနှစ်မှာ**တစ်စုံတစ်ဦးရဲ့ အခွင့်အရေးအတွက်ရပ်တည်ပေးဖို့** ကုလသမဂ္ဂနဲ့ အတူလူသားများကို တောင်းဆိုသွားမှာဖြစ်ပါတယ်။

ကျွန်ုပ်တို့တစ်ဦးတစ်ယောက်စီဟာ ဒီအခွင့်အရေးများအတွက်ရပ်တည်ဖို့ ပုဂ္ဂလိကတာဝန်ကိုယ်စီရှိကြပါတယ်။ နိုင်ငံအများအပြားမှာဖိအားနဲ့ ခြိမ်းခြောက်မှုများကိုရဲရဲဝံ့ဝံ့ ရင်ဆိုင်နေကြရတဲ့လူ့အခွင့်အရေး ကာကွယ်သူများကြောင့်လည်း အားတက်ဖွယ်ရာဖြစ်ပါတယ်။ ဥရောပသမဂ္ဂမှ ၎င်းတို့ကိုကာကွယ်သွားဖို့နဲ့ အရပ်ဖက်လူ့အဖွဲ့အစည်းရဲ့ပရဝဏ်ကို မြှင့်တင်ပေးဖို့စိတ်ပိုင်းဖြတ်ထားပါတယ်။ ဥရောပသမဂ္ဂတာဝန်ရှိပုဂ္ဂိုလ်တွေအနေနဲ့လူ့အခွင့်အရေးကာကွယ်သူများနှင့် တွေ့ဆုံခြင်း၊ ၎င်းတို့ရုံးတင်စစ်ဆေးမှုများကို စောင့်ကြည့်ခြင်း၊ ထိန်းသိမ်းခံရစဉ် သွားရောက်တွေ့ဆုံခြင်းနှင့် ၎င်းတို့ရဲ့အမှုတွေကို (ရပ်စဲပေးဖို့) အစိုးရတွေနဲ့ဆွေးနွေးခြင်းများ လုပ်ဆောင်လျက်အဆင့်စုံကနေ ကာကွယ်ပေးလျက်ရှိပါတယ်။၂၀၁၆ ခုနှစ်မှာဥရောပသမဂ္ဂမှ ၎င်းတို့နေ့စဉ်အလုပ်ကြောင့်အန္တရာယ်ကျရောက်နေတဲ့ လူ့အခွင့်အရေးကာကွယ်သူ ၂၅၀ ဦးကျော်နဲ့၎င်းတို့ရဲ့ မိသားစုဝင်တွေကို EIDHR အရေးပေါ်ရန်ပုံငွေမှတစ်ဆင့်ငွေကြေးထောက်ပံ့မှု လုပ်ဆောင်ပေးခဲ့ပါတယ်။

တစ်ဦးတစ်ယောက်စီရဲ့ဆောင်ရွက်ချက်ဟာ မရှိမဖြစ်လိုအပ်ချိန်မှာဥရောပသမဂ္ဂတစ်ခုလုံးအနေနဲ့ လူ့အခွင့်အရေးလေးစားလိုက်နာမှုကိုဗဟိုပြုထားပြီးစည်းမျဉ်းစည်းကမ်း အခြေပြုပြီးစနစ်ကျနေတဲ့ ကမ္ဘာဖြစ်လာစေရန်မြှင့်တင်ဆောင်ရွက်ရာမှာ ခေါင်းဆောင်မှုနေရာကနေ ဆက်လက်ပါဝင်သွားမှာဖြစ်ပါတယ်။ဥရောပသမဂ္ဂရဲ့ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် စတပ်ရို့စ် လမ်ဗရီးနီဒီစ် မှဥရောပသမဂ္ဂလူ့အခွင့်အရေးပုံရိပ်ကို တက်ကြွစွာမြှင့်တင်ပေးနေပါတယ်။ ထိုအတောအတွင်းဥရောပသမဂ္ဂသံအဖွဲ့များမှလည်း ၎င်းတို့ရဲ့အိမ်ရှင်နိုင်ငံတွေမှာလူ့အခွင့်အရေးကို ကာကွယ်ဖို့မမောနိုင်မပန်းနိုင်လုပ်ဆောင်လျက်ရှိပါတယ်။ ဥရောပသမဂ္ဂဟာဘက်ပေါင်းစုံပါဝင်တဲ့အစည်းအဝေးပွဲတွေမှာ လူ့အခွင့်အရေးကိုလူသိထင်ရှားထောက်ခံအားပေးသူအနေနဲ့ ရပ်တည်နေပြီးနေရာအနှံ့လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရာမှာ၊ လိုက်နာမှုကိုစောင့်ကြည့်ရာမှာ အခြေခံကျတဲ့ ကုလသမဂ္ဂရဲ့လူ့အခွင့်အရေးစနစ်ကိုလည်း ပြည့်ဝစွာအထောက်အပံ့ပြုလျက်ရှိပါတယ်။

လာမည့်နှစ်မှာ လူ့အခွင့်အရေးအားဥရောပသမဂ္ဂ အတွင်းအပြင်မှာ လေးစားလိုက်နာမှုမြှင့်တင်ဖို့ သံန္နိဋ္ဌာန်ချထား တဲ့၊ ၂၀၁၆ခုနှစ်ဂျွန်လမှာ အစပျိုးခဲ့တဲ့ဥရောပသမဂ္ဂနိုင်ငံခြားရေးရာနဲ့ လုံခြုံရေးမူဝါဒကမ္ဘာ့မဟာဗျူဟာအသစ် နောက်ဆက်

တွဲလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။၎င်းတိုထဲတွင် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း၊ ဖွံ့ဖြိုးရေးတို့အပေါ်ဥရောပသမဂ္ဂရဲ့ဆောင်ရွက်ချက်အားလုံးမှာ ရွှေ့ပြောင်းနေထိုင်သူနဲ့ဒုက္ခသည်များအတွက် လူ့အခွင့်အရေးကာကွယ်မှုအမြင့်ဆုံးအဆင့်ဖြစ်နေစေဖို့ ဆောင်ရွက်ချက်လည်းပါရှိပါတယ်။ ကျွန်ုပ်တို့အနေနဲ့ မျှော်လင့်ချက်ကြီးမားလွန်းလှတဲ့ ၂၀၁၅-၂၀၁၉ လူ့အခွင့်အရေးနဲ့ဒီမိုကရေစီလုပ်ငန်းစီမံချက်ရဲ့ တိုးတက်မှုကိုလည်း အကဲဖြတ်သွားမှာဖြစ်ပါတယ်။ အလားတူပင် ကလေးသူငယ်အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊ နှိပ်စက်ညှင်းပန်းမှုနဲ့ လွဲမှားစွာဆက်ဆံမှုများကိုတိုက်ဖျက်ဖို့ဥရောပသမဂ္ဂ လမ်းညွှန်မှုများကိုပြန်လည်သုံးသပ်ပြီး ဤပြဿနာရပ်တွေအပေါ် ကျွန်ုပ်တို့ရဲ့မူဝါဒများရဲ့သက်ရောက်မှုကို ထပ်မံအားဖြည့်သွားဖို့လုပ်ဆောင်သွားရန်သံနို့ဌာန်များချမှတ်သွားဦးမှာဖြစ်ပါတယ်။

ယနေ့၊ ယခုနှစ်နေ့တိုင်းမှာ၊ ဥရောပသမဂ္ဂအနေနဲ့ကမ္ဘာတစ်ဝှမ်းလူ့အခွင့်အရေးအတွက် ရပ်တည်သွားမှာဖြစ်ပြီး ထိုသို့လုပ်ဆောင်တဲ့ တစ်ဦးတစ်ယောက်စီကိုလည်း စွဲမြဲစွာအပြည့်အဝထောက်ခံသွားမှာဖြစ်ပါတယ်။